OFFICE OF THE SPECIAL REPRESENTATIVE OF THE SECRETARY-GENERAL ON
SEXUAL VIOLENCE IN CONFLICT




© UN Photo/Martine Perret

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအတွက်

## အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံး

***ပဋိပက္ခ အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တားဆီးကာကွယ်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့အပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများ***

***မူဝါဒ ဖော်ပြချက် (POLICY BRIEF)***

***၂၂ မေလ ၂၀၂၀***

ကိုရိုနာဗိုင်းရပ်ကြောင့်ဖြစ်ပွားသော ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါသည် ကုလသမဂ္ဂမှ လုပ်ဆောင်နေသော လုပ်ငန်းများအပေါ် အဘက်ဘက်မှ ကြီးမားစွာ သက်ရောက်မှုများ ရှိလာသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တားဆီးကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (CRSV)တွင် ကိုဗစ်-၁၉၏ လုပ်ငန်းပိုင်းဆိုင်ရာ သက်ရောက်မှုများနှင့် မူဝါဒအချို့ကို ဖော်ပြရန်ဖြစ်သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအတွက် အထူးကိုယ်စား လှယ်ရုံးမှ ဆောင်ရွက်သော ဤဆန်းစစ်လေ့လာချက်မှာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ ကုလသမဂ္ဂ၏ နိုင်ငံအလိုက်ရုံးများနှင့် မိတ်ဖက်အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ အပါအဝင် ကွင်းဆင်းပညာရှင်များနှင့် စဉ်ဆက်မပြတ် ဆွေးနွေးတိုင်ပင်မှုများကို အခြေခံသည်။ ထို့ပြင် ပဋိပက္ခနှင့်နီးနွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်မှ သဘာပတိ

အဖြစ်ဆောင်ရွက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ခု ပါဝင်သော ကွန်ရက်[1] ဖြစ်သည့် *ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အရေးယူဆောင်ရွက်ရေး ကုလသမဂ္ဂအဖွဲ့* (UN Action Against Sexual Violence in Conflict) မှ ဖော်ထုတ်တင်ပြခဲ့သည့် အရေးကိစ္စများ နှင့် စိုးရိမ်ပူပန်မှုများကိုလည်း ထင်ဟပ်ထား ပါသည်။

ကိုဗစ်-၁၉ နှင့် CRSV ဖြစ်ပွားနှုန်းတို့အကြား ဆက်နွယ်မှု နှင့် ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုပေးအပ်ခြင်းများအပေါ် သက်ရောက်မှုတို့နှင့် စပ်လျဉ်းသည့် လက်တွေ့အထောက်အထားများ နည်းပါးနေသေးသော်လည်း ကူးစက်ရောဂါ ပြန့်နှံ့ဖြစ်ပွားမှုများနှင့် ပဋိပက္ခနှင့် ပဋိပက္ခအလွန်ကာလများ၌ အမျိုးသမီးနှင့် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအပါအဝင် အကြမ်းဖက်မှုများအကြား ဆက်နွယ်မှုအတွက် အထောက်အထား အခြေခံသည့် နားလည်သဘောပေါက်မှုများကို ကျယ်ပြန့်သော သက်ဆိုင်ရာစာပေများက ကာလတိုအတွင်း ပေးအပ်နိုင်ပါသည်။ ဤဆန်းစစ်လေ့လာမှုက ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ချိန်၊ ဖြစ်ပွားနေချိန် နှင့် ဖြစ်ပွားပြီးချိန်တို့တွင် တစိတ်တပိုင်းအဖြစ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တိုးမြင့်လာနိုင်သည့်အန္တရာယ်ကို လျှော့ချပေးမည့် မူဝါဒများနှင့် အစီအစဉ်များအား သတင်းအချက် အလက်ပေးရန် ရည်ရွယ်သည်။

ကျားမရေးရာဆက်နွယ်မှုများတွင် တန်းတူညီမျှမှုမရှိခြင်းနှင့် အမျိုးသားများ ကြီးစိုးသည့် ဓလေ့ထုံးစံများသည် အရေးပေါ်အခြေအနေများကို ပို၍ တိုးမြင့်စေပြီး ထိုကာလများအတွင်း ပို၍လည်း ဆိုးရွားပြင်းထန်လာကာ အန္တရာယ်ကျရောက်နိုင်ခြေနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အကြောင်းရပ်များကို ထပ်မံ၍ ကြီးထွားပြောင်းလဲလာစေသည်။ ပဋိပက္ခများနှင့် မတည်ငြိမ်သောအချိန်အခါများသည် လူအချင်းချင်း အကြမ်းဖက်မှုများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှုများ နှင့် ချိတ်ဆက်နေပြီး ထိုအချက်သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားနေချိန်များတွင်လည်း ချွင်းချက်အဖြစ် မရှိနေပါ။ တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားသည့်သဘာဝ နှင့် ဆက်စပ်၍ ကြောက်ရွံ့မှုများ၊ မသေချာ၊မရေရာမှုများက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် အမျိုးသမီးနှင့် ကလေးများအပေါ် ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်မှုများကို ပို၍ဆိုးစေသည့် သို့မဟုတ် စတင်ဖြစ်ပွားလာသည့် အခြေအနေများ ဖြစ်လာစေနိုင်သည်။ အီဘိုလာရောဂါကဲ့သို့ ယခင် ကူးစက်ရောဂါ ပြန့်နှံ့ဖြစ်ပွားမှုများမှ ရရှိခဲ့သောသင်ခန်းစာများက ကျားမရေးရာကို အလေးထားစဉ်းစားဆောင်ရွက်မှုများ နှင့် အားလုံးပါဝင်မှု ထည့်သွင်းစဉ်းစားသော ချဉ်းကပ်နည်းလည်းသည် လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ထို့ကြောင့် ဤစာတမ်းသည် အထွေထွေအတွင်းရေးမှူးချုပ်မှ လတ်တလော ထုတ်ဝေထားသည့် မညီမျှမှုပုံစံမျိုးစုံကို ထည့်သွင်းစဉ်းစားထားသည့် ကျားမရေးရာ နှင့် ကျားမ တန်းတူညီမျှခြင်းအတွက် အမျိုးသမီး အခွင့်အရေး အလေးထား စဉ်းစားမှုရှိသော ကမ္ဘာလုံး ဆိုင်ရာကပ်ရောဂါ တုံ့ပြန်မှုဆောင်ရွက်နေသူများအတွက် နှိုးဆော်တိုက်တွန်းမှုနှင့် စပ်လျဉ်းသော မူဝါဒများ အပေါ် ထပ်မံဖြည့်စွက် အားဖြည့်ထား ပေးထားခြင်းဖြစ်သည်။[2]

---

[1] DPO, DPPA, IOM, OCHA, OHCHR, OSRSG-CAAC, UNAIDS, UNDP, UNFPA, UNHCR, UNODA, UNODC, UN Women, WHO.

[2] *The Impact of COVID-19 on Women (https://bit.ly/2U1bO7V);* and, *We are all in this Together: Human Rights and COVID-19 Response and Recovery (https://bit.ly/2VSTrCa)*

## ***ဖြေရှင်းကုစားရေး ဆောင်ရွက်ချက်များအတွက် အခြေခံဖြစ်သော စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်း၊ သတင်းအချက်အလက်များအား အချိန်မီလက်လှမ်းမီမှု ရှိစေခြင်း တို့အပေါ် သက်ရောက်မှုများ***

ယခင်ကပင် သတင်းပို့တိုင်ကြားမှု အလွန်နည်းပါးသည့် ရာဇဝတ်မှု ဖြစ်ခဲ့သော CRSV ၏ အန္တရာယ်ကျရောက်နိုင်ခြေမှာ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ဖြစ်ပွားချိန်တွင် ပို၍ပင်မမြင်သာဘဲ ရှိနေနိုင်သည်။ ဤပြဿနာနှင့်စပ်လျဉ်း၍ တိကျသေချာသော သတင်းအချက်အလက်များ အချိန်မီ ပေးအပ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့မှာ အဆင့်အားလုံးတွင် တားဆီးကာကွယ်မှု နှင့် တုံ့ပြန်မှုများအတွက် အခြေခံဖြစ်ကြောင်း အသိမှတ်ပြုသဖြင့် လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက် ၁၉၆၀ (၂၀၁၀) ဖြင့် CRSV များအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း နှင့် အစီရင်ခံခြင်း အစီအစဉ်များကို ထူထောင်ရန် တာဝန်သတ်မှတ်ခံယူခဲ့သည်။ ၎င်းတွင် အပြစ်ပေးအရေးယူမခံရဘဲ လွတ်မြောက်နေခြင်းများအား တိုက်ဖျက်ရန် နှင့် အကြမ်းဖက်ခံရပြီးနောက် ရှင်သန်လွတ်မြောက်ခဲ့သူများအတွက် ကဏ္ဍပေါင်းစုံ ချိတ်ဆက်မှုဖြင့် အစီအစဉ်များ ဆောင်ရွက်ပေးရန်တို့ ပါဝင်သည်။

ကိုဗစ်-၁၉ မပြန့်ပွားစေရန် သီးခြားခွဲ၍ စောင့်ကြည့်မှုများ (Quarantine)၊ ညမထွက်ရအမိန့်များနှင့် အခြားသွားလာမှု ကန့်သတ်ချက်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအဖို့ သတင်းပို့တိုင်ကြားနိုင်ချေကို နှောင့်နှေးစခြင်း၊ ရှိနှင့်ပြီးသား ဖွဲ့စည်းမှုဆိုင်ရာ၊ ဌာနဆိုင်ရာနှင့် လူမှုစီးပွားရေးဆိုင်ရာ အတားအဆီးများက ထိုကဲ့သို့သော ရာဇဝတ်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ပို၍ အဟန့်အတားဖြစ်စေသည်။ သီးခြားခွဲ၍ စောင့်ကြည့်မှုများနှင့် အခြားသွားလာမှုကန့်သတ်ချက်များသည် သတင်းအချက်အလက် ကောက်ယူရန်သာမက၊ ချိုးဖောက်မှုများရှိမရှိ ဆန်းစစ်ရန် နှင့် နိုင်ငံအစိုးရနှင့် အစိုးရပြင်ပအခြားအဖွဲ့များမှ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ အပါအဝင် နိုင်ငံတကာ တာဝန်ရှိမှုများအား လိုက်နာမှု တိုးတက်စေရန် တာဝန်ခံယူ ထားသည့် ကုလသမဂ္ဂ အ ဖွဲ့အစည်းများ၏ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်း နှင့် ကွင်းဆင်း လုပ်ငန်းများကို စတင်၍ ဟန့်တားမှု ဖြစ်လာနေသည်။

*သတင်းအချက်အလက် ကောက်ယူခြင်း နှင့် ဆန်းစစ်လေ့လာခြင်းတို့သည် ရလဒ်အခြေပြု စီမံခန့်ခွဲမှု၏ ကျောရိုး ဖြစ်ပေသည်။ ဤသည်မှာ ဦးတည်မှုဖြင့် ဝန်ဆောင်မှုပေးခြင်းများ၊ တင်ပြအရေးဆိုမှုများ၊ မူဝါဒ ပြုစုရေးဆွဲခြင်း၊ တာဝန်ယူမှု၊တာဝန်ခံမှုနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းတို့၏ ထိရောက်မှုအတွက် အရေးပါသည်။ ထို့ကြောင့် CRSV စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း နှင့် အစီရင်ခံခြင်းဆိုင်ရာ အစီအမံများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည်။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုများတွင် CRSV ကျွမ်းကျင်မှုများ ပေါင်းစည်းပါဝင်သင့်ပြီး ပဋိပက္ခဒဏ်ခံစားရသည့် နိုင်ငံများ၏ နိုင်ငံအဆင့် တုံ့ပြန်မှုအစီအစဉ်များ၌ ထင်ဟပ်ပါဝင်သင့်သည်။ ထိုအတွက် ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ စစ်ရေး၊ လူသားချင်းစာနာမှုနှင့် နိုင်ငံရေးအရ အားထုတ်မှုများအတွက် ချဉ်းကပ်မှု နည်းလမ်းများ ရေးဆွဲပြင်ဆင်ရာတွင် CRSV ကျွမ်းကျင်သူများကို ပေါင်းစည်းထည့်သွင်းရန် လိုအပ်နိုင်သည်။ ထိုနည်းလမ်းများတွင် ဒေသခံ ရပ်ရွာလူထု ကွန်ရက်များ၊ အမျိုးသမီးအဖွဲ့များ စသည်တို့ကို ပိုမို*

*အားထားခြင်းဖြင့် ပြောင်းလဲပြင်ဆင်လွယ်သော်လည်း တိကျသေချာသည့် သတင်းအချက်အလက် ဆန်းစစ်အတည်ပြုမှုများလုပ်ဆောင်ခြင်းစသည့် ပြောင်းလဲလုပ်ဆောင်မှုများ ပါဝင်နိုင်သည်။ ထို့အတွက် ဒေသခံ မိတ်ဖက်အဖွဲ့များအား သင်တန်းပေးခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့တွင် ပိုမို၍ရင်းနှီးမြှုပ်နှံရန် လိုအပ်နိုင်သည်။*

### ***လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် အသက်ကယ်တင်နိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အပါအဝင် ဝန်ဆောင်မှုများ၏ သက်ရောက်မှု နှင့် လက်လှမ်းမီ ရရှိနိုင်မှု***




လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများသည် ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေတောင်းခံမှုများတွင် အနည်းဆုံးအဖြစ် ရေရှည်တည်ရှိနေခဲ့ခြင်း ဖြင့် CRSV မှ ရှင်သန်လွတ်မြောက်လာသူများအတွက် လိုအပ်သော ဆေးကုသမှု၊ စိတ်ပိုင်းလူမှုရေးပိုင်းနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအပေါ် ဆိုးရွားစွာ သက်ရောက်စေသည်။ ဥပမာအားဖြင့် လူသားချင်းစာနာမှု အရေးပေါ်အခြေအနေများနှင့် လက်နက်ကိုင်ပဋိပက္ခများ ကြောင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများနှင့် ဒုက္ခသည် အမျိုးသမီးများတွင် ၅ ဦးလျှင် တစ်ဦးခန့်မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ တွေ့ကြုံခံစားရသော်လည်း လူသားချင်းစာနာမှုအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေများ၏ ၁ ရာခိုင်နှုန်းကိုသာ SGBV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအတွက် သုံးစွဲခဲ့သည်။ [3] ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် အရင်းအမြစ်များကို အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံအစိုးရများက ဦးစားပေးသတ်မှတ်ခြင်း ဖြစ်သဖြင့် ဤနယ်ပယ်တွင် ရန်ပုံငွေ မလုံလောက်မှုမှာ ပို၍ပင် ဆိုးနိုင်ကြောင်း ပူပန်မှုများ ရှိနေသည်။ ထို့ပြင် လက်ရှိ ခိုလှုံရာနေရာများနှင့် ဘေးကင်း လုံခြုံရာနေရာများမှာ ယာယီအားဖြင့် ပိတ်ထားရခြင်း သို့မဟုတ် ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် ပြောင်းလဲအသုံးပြုနေခြင်းများ ရှိနေသည်။ ထိုဝန်ဆောင်မှုရရှိနိုင်သောနေရာများ ရှိနေသည့်တိုင် ရှင်သန်လွတ်မြောက်လာသူများအဖို့ သွားလာရောက်ရှိနိုင်ရေးမှာ သီးခြားခွဲ၍ စောင့်ကြည့်မှုများ၊ ညမထွက်ရအမိန့်များ၊ ကျောင်းများ ပိတ်ထားခြင်း နှင့် အခြား သွားလာမှုကန့်သတ်ချက်များကြောင့် အခြေအနေမပေးဘဲ ရှိစေနိုင်သည်။ ဤအကြောင်းများကြောင့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် အထူးသဖြင့် ၎င်းတို့ထဲထွင် ရာခိုင်နှုန်းအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြပြီး ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် လက်လှမ်းမီရယူနိုင်မှုတွင် စိန်ခေါ်မှုများ ပိုမိုတွေ့ကြုံ နေရသည့်အတွက်ကြောင့် ၎င်းတို့အတွက် အထူးသီးခြား ထည့်သွင်း စဉ်းစားရန် လိုအပ်ပေသည်။

[3] Refer to: *Gender-based violence: A closer look at the numbers (https://bit.ly/2ZZFeHC)*

ကိုဗစ်-၁၉ ရောဂါ ကူးစက်ရရှိမည်ကို စိုးရိမ်ကြောက်လန့်မှုက ဝန်ဆောင်မှုပေးရာတွင် စိန်ခေါ်မှုများအား ထပ်မံတိုးမြင့်စေသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများသည် ကျန်းမာရေးစောင့်ရှောက်သူများ၊ အရေးပေါ်အခြေအနေ၌ ရှေ့တန်းတွင် တုံ့ပြန်ဆောင်ရွက်ပေးသူများနှင့် အမျိုးသမီးအရပ်ဘက်အဖွဲ့အစည်းများကို ပထမဦးစွာ ဆက်သွယ်လေ့ရှိသည်။ သို့သော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ အပါအဝင် အမျိုးသမီးများသည် ကိုဗစ်- ၁၉ ရောဂါပိုး ကူးစက်ခံရနိုင်သည်ဟု ထင်မြင်ယူဆခြင်းနှင့် မိသားစုထံ ကူးစက်မည်ကို ကြောက်ရွံ့ခြင်း တို့ကြောင့် အကူအညီများ ရယူလိုမှု အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရန် ပို၍နည်းနိုင်သည်။

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ၏ တိုက်ရိုက်သက်ရောက်မှုတစ်ခုမှာ ကျန်းမာရေးဝန်ဆောင်မှု များနှင့် ရှေ့တန်းတုံ့ပြန်ဆောင်ရွက်သူများတွင် ဝန်ထုပ်ဝန်ပိုး တိုးမြင့်လာခြင်း ဖြစ်သည်။ ပုံမှန် ကျန်းမာရေး ဝန်ဆောင်မှုများ လျော့ပါးလာခြင်း ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရသူများအတွက် အရေးပေါ်သားဆက်ခြားခြင်း၊ HIV ပိုးနှင့် ထိတွေ့ပြီးနောက် ကာကွယ်ဆေး သောက်သုံးခြင်း (PEP) နှင့် စိတ် လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပေးခြင်းစသည့် မရှိမဖြစ်ဝန်ဆောင်မှုများအတွက် အထောက်အပံ့များအပါအဝင် စစ်ဆေးမှုနှင့် ဝန်ဆောင်မှု များပေးရန် အတားအဆီးများ ရှိလာခြင်းကို ဆိုလိုသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရသူများ အတွက် လတ်တလောနှင့် အလယ်အလတ် ကာလ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် တွဲဖက် ကျန်းမာရေးနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများ မရှိသည့်အတွက် ညွှန်းပို့လမ်းကြောင်း များမှာလည်း ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကာလ အတွင်း ပြောင်းလဲမှုများ ဖြစ်နိုင်ခြေရှိသည်။ ထို ညွှန်းပို့လမ်းကြောင်းများတွင် ရှေ့တန်းတုံ့ပြန်ဆောင်ရွက်သူများ၊ အရေးပေါ်အခြေအနေတွင် ခေါ်ဆိုရန် ဖုန်းများ (hotlines) နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ဆောင်ရွက်သူများအပြင် အမျိုးသမီးများအား ဥပဒေရေးရာ လမ်းကြောင်းများ၊ အရေးပေါ်ပံ့ပိုးမှု၊ ဘေးကင်းလုံခြုံမှု အစီအစဉ်များ နှင့် ဆက်သွယ်ပေးသည့် ကြားခံများ၊ နေထိုင်စရာနှင့် ငွေကြေးအကူအညီပေးသည့် အဖွဲ့အစည်းများ အားလုံးတို့မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားခဲ့ရသူများအတွက် အရေးကြီးပါသည်။ လူချင်းခပ်ခွာခွာ ဆက်ဆံရသည့် အစီအမံများကို ချမှတ်ထားသလို စီးပွားရေးအရလည်း အခက်အခဲများ ရှိနေသည့်အခါ ထိုအဖွဲ့အစည်းများအနေနှင့် တက်ကြွလှုပ်ရှားမှု လျော့ကျပြီး လိုအပ်မှု ရှိနေသော အမျိုးသမီးနှင့်ကလေးများအတွက် ပံ့ပိုးနိုင်မှု နည်းသွားနိုင်သည်။ ဤ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကာလအတွင်း၌ လျော့ပါးသက်သာစေရေး အစီအမံများတွင် အရေးပေါ်ခေါ်ဆိုရန် ဖုန်းများနှင့် စာတိုပို့ခြင်း (SMS) တို့ကို အခြေခံသည့် ဘေးကင်းလုံခြုံမှုအစီအစဉ်များဆွဲခြင်းနှင့် ပံ့ပိုးရေးအစီအစဉ်များသည် အရေးပေါ်အတွက် နစ်သိမ့်ဆွေးနွေးမှု နှင့် ဘေးကင်းလုံခြုံရန် မဟာဗျူဟာအစီအစဉ်ရေးဆွဲမှု တို့အတွက် မရှိမဖြစ်သော ကယ်တင်ရေးအကူအညီများ ဖြစ်ပါသည်။


© UN Photo/ Pasqual Gorriz

ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါက ကွင်းဆင်းဆေးရုံများ တည်ဆောက်ခြင်းနှင့် လုံခြုံမှုပေးခြင်းတို့အတွက် စစ်တပ်များကို အသုံးပြုခြင်း စသည်ဖြင့် အချို့သော ကျန်းမာရေးစနစ်များအား စစ်တပ်အသွင်ဆောင်စေမှု စတင်ခဲ့ပါက အမျိုးသမီးများနှင့် ကလေးများအတွက် အန္တရာယ်ကျရောက်နိုင်ခြေထပ်ဆောင်း ရှိလာနိုင်သည်။ ရပ်ရွာထဲတွင် စစ်တပ်များရှိနေခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု၊ ကြောက်ရွံ့မှုနှင့် ဘေးကင်းလုံခြုံမှုမရှိဟု ခံစားရခြင်းများ တိုးလာစေနိုင်ပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် သတင်းပို့တိုင်ကြားမှုနည်းပါးမှုကို ပိုမိုဆိုးရွားစေနိုင်သည်။

*ထို့ကြောင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများအတွက် တုံ့ပြန်ရေးအစီအစဉ်များကို ကိုဗစ်-၁၉ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များ အကောင်အထည်ဖော်ခြင်း အပါအဝင် ကိုရိုနာဗိုင်းရပ်စ်အတွက် တုံ့ပြန်ဆောင်ရွက်မှုအားလုံးတွင် အသက်ကယ်တင်ပေးနိုင်သော မရှိမဖြစ်သည့် ဝန်ဆောင်မှုများအနေနှင့် ထည့်သွင်းစဉ်းစားသင့်ပါသည်။ လူထုကျန်းမာရေးကဏ္ဍအတွက် အစိုးရ၏ ရန်ပုံငွေကို သိသာစွာတိုးမြှင့်ခြင်း၊ ကျန်းမာရေးဌာနများနှင့် ဝန်ထမ်းများ၏ စွမ်း ဆောင်ရည်ကို အားဖြည့်ပေးခြင်း နှင့် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီ ရရှိနိုင်မှုကို တိုးတက်စေခြင်းတို့အားလုံးမှာ ကပ်ရောဂါကျရောက်ချိန်တွင် ပို၍အရေးကြီးလာသည်။ နိုင်ငံအလိုက် အစီအစဉ်များတွင် အကူအညီ၏ ရာခိုင်နှုန်းတစ်ခုကို SGBV ဝန်ဆောင်မှုများအတွက် သီးသန့် လျာထားပေးသင့်သည်။ ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကို လျော့ပါးအောင် ဆောင်ရွက်စဉ် အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်ခဲ့သူများအတွက် ပြည့်စုံသောကျန်းမာရေး စောင့်ရှောက်မှုများ အပါအဝင် ဝန်ဆောင်မှုများ လက်လှမ်းမီ ဆက်လက်ရရှိနိုင်ရန် သီးခြားစံလုပ်ငန်းလမ်းညွှန်များ ပြုစုသတ်မှတ်ခြင်းအား လိုအပ်သလို ထည့်သွင်းစဉ်းစားသင့်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများ အနေနှင့် ကန့်သတ်မှုရှိသော လူမှုရေးဓလေ့ထုံးများကြောင့် သတင်းအချက်အလက်များ ရရှိနိုင်မှု နည်းပါးနိုင်ခြင်းကို သိမှတ်၍ ဖြစ်နိုင်ပါက ညွှန်းပို့လမ်းကြောင်းများအကြောင်း သတင်းအချက်အလက်ကို လက်ရှိ ကိုဗစ်-၁၉ ဆက်သွယ်အသိပေးမှုများတွင် ပေါင်းစည်းထည့်သွင်းနိုင်သည်။ အချို့သော အခြေအနေများတွင် ခိုလှုံရာနေရာများနှင့် အမျိုးသမီးများ စုဝေးရာနေရာများကို ပိတ်ထားရခြင်းကြောင့် သတင်းအချက်အလက် ရရှိနိုင်မှုကို ပို၍ဆိုးစေသည်။ ကုလသမဂ္ဂ လုပ်ငန်းကွန်ရက်၏ ပဋိပက္ခနှင့် ဆိုင်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် မိတ်ဖက်အဖွဲ့ပေါင်းစုံ ယုံကြည်အပ်နှံ ရန်ပုံငွေမှာ CRSV ကို ညှိနှိုင်းချိတ်ဆက်၍ တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် ရန်ပုံငွေပေးအပ်နိုင်သည့် အထောက် အကူတစ်ခု ဖြစ်သည်။ ဤအရေးကြီးသည့် အချိန်အခါတွင် ပဋိပက္ခနှင့် ပဋိပက္ခအလွန်ကာလများ၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တားဆီးကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှု လျော့ပါးသက်သာစေနိုင်ရန် CRSV MPTF အတွက် အလှူရှင်များ၏ ဆက်လက်ပံ့ပိုးမှုကို မရှိမဖြစ် လိုအပ်သည်။*

## *လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ယူမှု တာဝန်ခံမှုအပေါ် သက်ရောက်မှု*

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား အပြစ်ပေးအရေးယူမှုမရှိခြင်း တိုက်ဖျက်ခြင်းသည် ထိုသို့သော ရာဇဝတ်မှုများအား တားဆီးကာကွယ်ရေးတွင် အခြေခံအချက်ဖြစ်သည်။ ဤအပိုင်းသည် အကြမ်းဖက်ခံခဲ့ရ သူများအတွက် ပြန်လည်ကုစားပေးလျော်နိုင်ရန် အဓိကအချက်လည်းဖြစ်သည်။ ကိုဗစ်-၁၉ သည် CRSV အတွက် တာဝန်ခံမှု၊တာဝန်ယူမှု အပါအဝင် တရားဥပဒေစိုးမိုးရေးကို ဘက်ပေါင်းစုံမှ သိသာစွာပျက်ယွင်းစေသော သက်ရောက်မှု ရှိနိုင်သည်ဟု ကြိုတင်ခန့်မှန်းထားသည်။ ၎င်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သတင်းပို့တိုင်ကြားခြင်းများအား တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး တာဝန်ရှိသူများမှ လက်ခံဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းစွမ်းရည် အကန့်အသတ်ရှိနေခြင်းလည်း ပါဝင် သည်။ ထို့ပြင် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု၊ တရားစီရင်မှုမတိုင်မီ ကြားနာခြင်းနှင့် တရားစီရင်ခြင်း လုပ်ငန်းများတွင် အကန့်အသတ် ရှိနေနိုင်သောကြောင့် တရားမျှတမှုရရှိရန် နှောင့်နှေးစေခြင်း နှင့် ၎င်းသည် တရား စီရင်ရေးစနစ်အပေါ် ရှင်သန်ကျန်ရစ်သူများ၏ ယုံကြည်အကြည်ရှိမှုကို ထပ်မံလျော့ပါးစေပြီး၊ ကျူးလွန်သူ များကို အားပေးအားမြှောက် ပြုသကဲ့သို့ဖြစ်စေနိုင်သည်။ နိုင်ငံအများအပြားတွင် တရားရုံး အရာရှိများကို နေအိမ်တွင်သာ နေထိုင်ရန် အကြံပြုထားခြင်း သို့မဟုတ် ညွှန်ကြားထားခြင်းများရှိနေသည်။ ထို့ပြင် ကျန်းမာရေးဌာနများသို့ လက်လှမ်းမှီနိုင်မှု အခက်အခဲများကြောင့်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများအနေဖြင့်၊ တရား စီရင်မှုစနစ် အများအပြားတွင် တရားရေး လုပ်ငန်းစဉ်စတင်ရန် လိုအပ်ချက်တစ်ခုဖြစ်သည့် ဆေးစာကိုသွားရောက် ရယူ နိုင်ခြင်း မရှိသဖြင့် တရားမျှတမှုအား လက်လှမ်းမီခြင်းကို ထပ်မံ ပျက်ယွင်းစေနိုင်သည်။

ကမ္ဘာ့ ကပ်ရောဂါ၏ သက်ရောက်မှုတစ်ခုကို စောစီးစွာ ညွှန်းပြရမည်ဆိုလျှင် DRC နိုင်ငံတွင် အုပ်စုလိုက်ပြုသော မုဒိမ်းမှုအား အရေးကြီးသည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းကို ကိုဗစ်-၁၉ အတွက် စိုးရိမ်မှုကြောင့် ဆိုင်းငံ့ထားရခြင်းနှင့် အသွားအလာကန့်သတ်ချက်များနှင့် တစ်ဦးနှင့်တစ်ဦး အကွာအဝေးထားရှိရန် လိုအပ်ချက်များကြောင့် ပြည်သူလူထုအများအပြား တက်ရောက်သည့် တရားစီရင်မှုများကို ရပ်နားထားရခြင်းတို့ဖြစ်သည်။

ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများ၏ အခြေအနေမှာလည်း သီးခြားပူပန်စရာအနေဖြင့် ထွက်ပေါ်လာစေသည်။ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရနိုင်သည့် အန္တရာယ်အပြင်၊ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ၏ လက်လှမ်းမှီမှုနှင့် ကြည့်ရှုစစ်ဆေးနိုင်မှုများ လျော့နည်းလာနိုင်သည့်အပြင် ကပ်ရောဂါ ကာလအတွင်း ဖမ်းဆီးထိန်းသိမ်းရာနေရာများတွင် လုံခြုံမှုမရှိခြင်း မြင့်မားမှု နှင့်အရင်းအမြစ်များ ရှားပါးလာမှုတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများအဖို့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု အန္တရာယ် ပိုမိုကျရောက်လာနိုင်သည်။ထို့ကြောင့် ဤကဲ့သို့အခြေအနေမျိုးတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု အန္တရာယ်ကျရောက်နိုင်သည့် ဖမ်းဆီးထိန်းသိမ်းခံထားရသော အမျိုးသမီးများနှင့်ကလေးများမှာ လတ်တလော ထိခိုက် ခံစားလွယ်သူများဖြစ်လာနိုင်သည်။

အခြားတစ်ဘက်တွင်လည်း အချို့သောအခြေအနေများတွင် စစ်ပွဲနှင့်ဆက်စပ်၍ ရာဇဝတ်မှုကျူးလွန်ခဲ့သူအချို့မှာ ကိုဗစ်-၁၉ ကူးစက်ခံရရန် အန္တရာယ်ရှိသည်ဟု အကြောင်းပြ၍ အကျဉ်းထောင်မှ သို့မဟုတ် အချုပ်ချခံရမှုမှ လွတ်မြောက်ရန် အခွင့်အရေးရယူခြင်းများရှိလာနိုင်ကြောင်း

သိမှတ်သင့်ပေသည်။ နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် CRSV ကဲ့သို့ ဆိုးရွားသော ရာဇဝတ်မှုကျူးလွန်ခဲ့သူများအား လွတ်ငြိမ်းခွင့်ပေးခြင်းမှာ ရပ်ရွာလူထုအတွက် အထူးသဖြင့် ကျူးလွန်ခံခဲ့ရသူများနှင့် သက်သေများအပေါ် လက်စားချေခြင်း စသည့် သိသာသောအန္တရာယ်ကျရောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့သော အခြေအနေ များတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် အခြား လူ့အခွင့်အရေးကို ဆိုးရွားစွာ ချိုးဖောက်ကျူးလွန် ခဲ့သူများအား လွှတ်ပေးရန်တောင်းဆိုမှုများအတွက် ထိုအစီအမံများမှာ ပြစ်ဒဏ်မှကင်းလွတ်စေခြင်း မဖြစ်စေရန် တိကျသေချာစွာဆန်းစစ်ရန် အရေးကြီးသည်။ ဖမ်းဆီးထိန်းသိမ်းရာ နေရာဌာနများတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်နှံ့မှုကို လျော့ပါးစေရန်အတွက် ဖမ်းဆီးထိန်းသိမ်းသူ အရေအတွက်ကို ကန့်သတ်ထားရှိရန် နိုင်ငံအာဏာပိုင်များက လမ်းညွှန်ချက် ထုတ်ပြန်ထားပါက သို့မဟုတ် အကျဉ်းထောင်တွင် အကျဉ်းသားများ ပြည့်သိပ်မနေစေရေးအတွက် ရာဇဝတ်မှုအသေးစားကျူးလွန်သူများကို လွှတ်ပေးရန် အမိန့်ထုတ်ပြန်ပါက ထိုအစီအမံများသည် CRSV ကျူးလွန်ခဲ့သူများ၊ ဖမ်းဆီးခံထားရသူများအတွက် အကျိုးကျေးဇူး မဖြစ်ထွန်းစေရန် အရေးကြီးပေသည်။

*ကိုဗစ်-၁၉ အထွေထွေ တုံ့ပြန်ဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု များအတွက် တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ယူမှု/တာဝန်ခံမှုတို့ကို သေချာစေရန် အထူးသီးသန့် လျော့ပါး သက်သာစေရေး အစီအစဉ် နှင့် အစီအမံများ ထားရှိထူထောင်ရေးကို အလေးအနက်ထားရန် မဖြစ်မနေ လိုအပ်သည်။ ကျူးလွန်ခံရသူများ/ရှင်သန်လွတ်မြောက်လာသူများအဖို့ တရားဥပဒေကို လက်လှမ်းမီ နိုင်ရန်အတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တိုင်ကြားချက်များအား လက်ခံရန် အခြားရွေးချယ်စရာနေရာများ နှင့်/ သို့မဟုတ် ထပ်မံစီစဉ်ထားသောနေရာများ ဖော်ထုတ်သတ်မှတ်ပေးသင့်ပြီး အထောက်အထားများကို လုံခြုံစွာ သိမ်းဆည်းနိုင်ရန် အစီအမံများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အဆင့်မြင့် (သို့မဟုတ်)အထက် တရားစီရင်ရေးအဖွဲ့ အစည်းများအနေနှင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် အချို့သော အန္တရာယ်ကျရောက်နိုင်မှုပါးသူ၊ ထိခိုက်ခံစားလွယ်သူများနှင့် အခြားအမျိုးအစားဖြင့် ဖမ်းဆီးခံထားရသူများနှင့် အကျဉ်းသားများကို လွှတ်ပေး သည့် သို့မဟုတ် ခံဝန်ဖြင့် ခေတ္တလွှတ်ပေးသည့် အမိန့်စာများ ထုတ်ပြန်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။*

## ***ဒုက္ခသည်များ၊ IDP များ နှင့် ရွှေ့ပြောင်းသွားလာသူများတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု လတ်တလော ထိခိုက် ခံစားရလွယ်မှု***

အမျိုးသမီးများ၊ မိန်းကလေးများနှင့် ယောက်ျားလေးများသည် နေရပ်စွန့်ခွာရသည့် သို့မဟုတ် ရွှေ့ ပြောင်းသွားလာသည့်လမ်းကြောင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လတ်တလော ခံစားရလွယ်နိုင်ပြီး၊ အထူးသဖြင့် ဒုက္ခသည် သို့မဟုတ် IDP စခန်းများတွင် အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ဒုက္ခသည် နှင့် IDP အခြေအနေတွင် ကိုဗစ်-၁၉ ပြန့်ပွားနိုင်ခြေကြောင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှအကြမ်းဖက်မှု၊ လူကုန်ကူးခြင်း၊ လိင်လုပ်သားအဖြစ် အတင်းအကျပ်စေခိုင်းခြင်း၊ လိင်ပိုင်း ဆိုင်ရာအမြတ်ထုတ်ခြင်းများ အပါအဝင် အန္တရာယ်မြင့်မားနေပြီး အခြေအနေဖြစ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ပို၍

ဆိုးရွားစေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သီးခြားခွဲနေရခြင်း (Quarantine) နှင့် လူချင်း နီးစပ်ထိတွေ့မှု မရှိစေရန် အခြားသောအစီအမံများ ကြောင့် စီးပွားရေးနှင့် အသက်မွေးလမ်းကြောင်းဆိုင်ရာလုပ်ငန်းများအပေါ် သက်ရောက်မှုရှိစေပြီး အခြေခံ လူသားချင်းစာနာမှု ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းကိုလည်း အဟန့်အတားဖြစ်စေသောကြောင့်ဖြစ်သည်။ အစောပိုင်း အစီရင်ခံစာ များက ဖော်ပြထားခြင်းများ၌ စခန်းများတွင် ဝန်ဆောင်မှုများရရှိနိုင်သော်လည်း ရှင်သန်ကျန်ရစ်သူ များသည် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြန့်နှံ့နေသည့် ကောလဟာလများ၊ မှားယွင်းသော သတင်းအချက်အလက် များကြောင့် ထိုဝန်ဆောင်မှုများကို ရယူအသုံးပြုရန် ဝန်လေးမှုရှိနေနိုင်သည်။

UNODC နှင့် IOM တို့သည် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကြောင့် အလွန်ထိခိုက်ခံစားရလွယ်သည့် ရိုဟင်ဂျာဒုက္ခသည်များ တစ်သန်းနီးပါး ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား (Cox’s Bazaar) ဒေသများ အပါအဝင် လူကုန်ကူးခံရနိုင်သည့် အန္တရာယ် မြင့်မားနိုင်မှုအပေါ် စိုးရိမ်မှုကို ဖော်ပြခဲ့ပြီးဖြစ်သည်။

*ထို့ကြောင့် ဒုက္ခသည်များ၊ IDP နေရာများ နှင့် ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ရမှု အရေးပေါ်အခြေအနေတို့တွင် ပိုမိုကျယ်ပြန့်သည့် ကိုဗစ်-၁၉ လျော့ပါးသက်သာရေးနှင့် တုန့်ပြန်ဆောင်ရွက်ရေး အစီအမံများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုန့်ပြန်ရေး အစီအစဉ်များကို ဖဟိုချက်ကျသည့် အပိုင်းအနေဖြင့် ထည့်သွင်းစဉ်းစားရန် မဖြစ်မနေ လိုအပ်သည်။ ဤအချက်တွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဒုက္ခသည်စခန်းများနှင့် အခြေချနေထိုင်ရာနေရာများတွင် " ဘေးကင်းလုံခြုံသော နေရာများ"အား ဆက်လက် ဖွင့်လှစ်ထားပေးခြင်းနှင့် ဝန်ဆောင်မှုများ ပေးခြင်းအား ဆက်လက်လုပ်ဆောင်နေစေရန် ပါဝင်သည်။*

## *လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများနှင့် အနိုင်အထက်ပြုမှုများနှင့် တွေ့ကြုံရမှု*

အကူအညီပေးရေး လုပ်သားများနှင့် လက်ခံရယူသူများအကြား လုပ်ပိုင်ခွင့်အာဏာရရှိမှု အလွန်ကွာခြားပြီး လုပ်ပိုင်ခွင့်အာဏာ တန်းတူညီမျှမှု မရှိသည့် အခြေအနေ၌ အမျိုးသမီးများနှင့် မိန်းကလေးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှင့် အနိုင်အထက်ပြုမှုများ ပိုမို ခံစားရစေနိုင်ပါသည်။ အသက်ရှင်သန်နိုင်ရေးအတွက် အကူအညီအထောက်အပံ့များအပေါ် အမှီပြုရခြင်းနှင့် ကျူးလွန်သူအား တာဝန်ယူမှုတာဝန်ခံမှု မရှိခြင်းတို့မှာ ဖြစ်ပွားမှုကို ပိုမိုအားကောင်းစေပြီး၊ သတင်းပို့တိုင်ကြားမှုပြုလုပ်ရန် အတားအဆီးဖြစ်စေ သည့် အချက်လည်းဖြစ်သည်။ လက်ရှိ ကိုဗစ်-၁၉ ပြန့်ပွားမှုသည် အမျိုးသမီးများနှင့် မိန်းကလေးများက ဖော်ထုတ်ခဲ့သည့် လက်ရှိ တားဆီးကာကွယ်ရေး နည်းဗျူဟာများ - ဥပမာ အုပ်စုလိုက်သွားလာခြင်း သို့မဟုတ် အကူအညီပေးရေးလုပ်သားက ဒုက္ခသည်အိမ်ထောင်စုများ သို့ သွားသည့်အခါ အတူလိုက်ပါသူများ ပါရှိစေရန် စသည် - ကို အကောင်အထည်ဖော်ရန် ခက်ခဲစေသည်။ တစ်ချိန်တည်းမှာပင် ပစ္စည်း ပြတ်လတ်မှုများမှာ အမျိုးသမီးများနှင့် မိန်းကလေးများအဖို့ မိမိတို့ကိုယ်တိုင်နှင့် မိသားစုအတွက် ထိုပစ္စည်းများ ကို လက်လှမ်းမီရယူနိုင်ရေးအတွက် ဖိအားများ ပိုမိုကြုံတွေ့ရနိုင်သည်ဟု အဓိပ္ပာယ်ရပေသည်။ အထူးသဖြင့်

ဆယ်ကျော်သက် မိန်းကလေးများတွင် အသက်ရှင်သန်ရန် လိုအပ်ချက်များက အနှုတ်သဘောဆောင် သော ရင်ဆိုင်ဖြေရှင်းမှုနည်းလမ်းအဖြစ် လိင်နှင့်အလဲအလှယ်ပြုရသည့် ရလဒ်များဖြစ်ပေါ်စေခြင်းကြောင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုနှင့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အန္တရာယ်များ တိုးပွားလာနိုင်သည်။

*ယေဘုယျအခြေအနေများ နှင့် လက်ရှိ ကပ်ရောဂါအခြေအနေများတွင် အကူအညီပေးရေး အားထုတ်လုပ်ဆောင်မှုများ၌ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများကို လျော့ပါးစေနိုင်ရန် အကူအညီပေးရေးလုပ်သားများ စသည့် တုံ့ပြန်ဆောင်ရွက်သူများတွင် အမျိုးသမီးများ ပိုမို ပါဝင်မှုရှိစေရန်မှာ အလွန်အရေးကြီးပေသည်။*



### ***အတင်းဓမ္မ လက်ထပ်စေခြင်း နှင့် ကလေးသူငယ်များအား လက်ထပ်ပေးခြင်း စသည့် အန္တရာယ်ရှိသော အလေ့အထများ ပိုမို ဖြစ်ပွားစေခြင်း***

လက်ရှိ ရှိနှင့်ပြီးသော ပုံမှန်နှင့် အလွတ်သဘော ကူညီပံ့ပိုးရေး အထောက်အပံ့များကို ခြိမ်းခြောက်နေသော ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအခြေအနေတွင် မိသားစုများသည် ကိုဗစ်-၁၉ ၏ ဆိုးရွားသော စီးပွားရေးဆိုင်ရာ အကျိုးဆက်များအား သက်သာစေရန် ကြိုးပမ်းရာ၌ အတင်းဓမ္မ လက်ထပ်စေခြင်း နှင့် ကလေးသူငယ်များအား လက်ထပ်ပေးခြင်းများ တိုးမြင့်လာနိုင်သည်။ ထိုသို့သော အနှုတ်သဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းမှုနည်းလမ်းများမှာ ပဋိပက္ခဒဏ် ခံစားရသည့် အခြေအနေများတွင် ရှိတတ်ပြီး ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေရှိသည့်အခါတွင် ပို၍ ဆိုးလာကြောင်း တွေ့ရှိရသည်။ UNICEF ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတစ်ခုအရ ဆီးရီးယား နှင့် ယီမင်နိုင်ငံတို့၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုကို တုံ့ပြန်မှုလုပ်ဆောင်ခဲ့ ရာတွင် ဤသို့ ဖြစ်ရပ်များအမှန်တကယ် လုပ်ဆောင်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

*ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်နယ်ပယ်တွင် အတင်းဓမ္မ လက်ထပ်စေခြင်း နှင့် ကလေးသူငယ်များအား လက်ထပ်ပေးခြင်းစသည့် အန္တရာယ်ရှိသည့် အလေ့အထများအား စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းကို တိုးမြှင့်ခြင်းက ပဋိပက္ခ နှင့် ပဋိပက္ခ အလွန်ကာလများ၌ အဆိုပါ အန္တရာယ်များအား လျော့ပါးသက်သာစေရန် ကူညီပေးနိုင်မည်ဖြစ်သည်။*



### ***ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် ပဋိပက္ခနှင့် ပဋိပက္ခနှင့် ဆက်နွယ်သော ချိုးဖောက်မှုများ ဆိုးရွားမှုရှိလာနိုင်သည့် အလားအလာ***

အဆုံးသတ်အနေဖြင့် ယခင်ကပင် အားနည်းနေသော အုပ်ချုပ်စီမံမှု၊ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ် ကိုဗစ်-၁၉ က နိုင်ငံတော်အဆင့်တွင် ပိုမိုကြီးမားသည့် ဖိအားများ ဖြစ်ပေါ်စေခြင်းကြောင့် လုံခြုံရေးကောင်စီ အချိန်ဇယားတွင် ပူပန်မှုများဖြစ်စေသည့် အခြေအနေ၌ ပဋိပက္ခ လှုပ်ရှားဖြစ်ပေါ်မှုများ ပိုမို ဆိုးရွားလာနိုင်ခြေရှိပေသည်။

ထိုမှတဆင့် ပဋိပက္ခအတွင်း CRSV ဖြစ်ပွားမှု များ၊ ဖြစ်ပွားပုံများနှင့် လမ်းကြောင်းများကို ပို၍ဆိုးရွားစေနိုင်ပြီး နိုင်ငံတကာ နှင့် မီဒီယာတို့မှ လေ့လာစူးစမ်းမှုများလည်း လျော့နည်းစေနိုင်သည်။ ၎င်းမှာစိုးရိမ်ဖွယ်အခြေအနေဖြစ်ပြီး -ဥပမာ အယ်လ်ရှာဘတ် (Al-Shabaab)နှင့် ဘိုကိုဟရမ် (Boko Harm) စသော အကြမ်းဖက်အုပ်စုများ သည် ကပ်ရောဂါကာလအတွင်း တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်ကြသည်။ အသွားအလာကန့်သန့်ထားရှိခြင်း နှင့် အရေးပေါ်အစီအမံများကလည်း အစိုးရတာဝန်ရှိသူများ၏ အနိုင်အထက်ပြုကျင့်ခြင်း အန္တရာယ် ကို တိုးမြင့်နိုင်စေသည်။

ကပ်ရောဂါကြောင့် CRSV တားဆီးမှုဆိုင်ရာ သင်တန်းပေးခြင်း နှင့် အချက်အလက် ဖြန့်ဝေခြင်းတို့ကို ဆိုင်းငံ့ထားရပေသည်။ ဥပမာ တောင်ဆူဒန်နိုင်ငံတွင် အစိုးရ နှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အတွက် အထူးကိုယ်စားလှယ်ရုံးတို့အကြား ၂၀၁၄ တွင် ပူးတွဲ သဘောတူလက်မှတ်ရေးထိုးထားမှု အရ ဆောင်ရွက်မည့် လုံခြုံရေးကဏ္ဍအတွက် အရေးကြီးသော သင်တန်းအစီအစဉ်ကို အချိန်အကန့် အသတ်မရှိ ရွှေ့ဆိုင်းထားရပေသည်။ အလားတူပင် ဆူဒန် ပြည်သူ့လွတ် မြောက်ရေးတပ်မတော်မှ ထုတ်ပြန်ထားသည့် တစ်ဦးချင်း သဘောတူ လက်မှတ်ရေးထိုးထားမှုကို အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကိုလည်း ကပ်ရောဂါကြောင့် ဆန့်ကျင်ပြုမှုများကြောင့် ဆိုင်းငံ့ထားရ ပေသည်။

*တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲကြရန် အထွေထွေအတွင်းရေးမှူးချုပ်၏ တောင်းဆိုမှု နှင့်အညီ ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့များသည် ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပွားနေချိန်တွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တိုက်ခိုက်မှုအနေနှင့် အသုံးချခြင်းစသည့် ဗျူဟာများ၊ နည်းလမ်းများကို အသုံးမပြုဘဲ ရှောင်ရှားရပေမည်။ ထို့ပြင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ၌ စောင့်ကြည့်ကြီးကြပ်ရေးနှင့် ဆန်းစစ်အတည်ပြုရေး မူဘောင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် CRSV ကို ထည့်သွင်းသင့်ပေသည်။ CRSV အတွက် စာရင်းသွင်းခံရသည့် အဖွဲ့များက အထွေထွေအတွင်းရေးမှူး ချုပ်၏ တောင်းဆိုမှုကို လက်ခံသည့်အခြေအနေများကို အထူးအာရုံစိုက်မှုများ ပေးသင့်သည်။ ဥပမာအနေဖြင့် ဆူဒန်နိုင်ငံတွင် ဆူဒန် လွတ်မြောက်ရေး တပ်မတော်/အဗ္ဗဒူ ဝါဟစ် (SLA/ AW) သည် မကြာ သေးမီက အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့သည်။ ထို့ပြင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၄၆၇ (၂၀၁၉) တွင် ဖော်ပြထားသော ရှင်သန်ကျန်ရစ်သူ ဗဟိုပြု သည့် တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေး အစီအမံအမျိုးမျိုးကို အကောင်အထည်ဖော်မှုအား ဆက်လက် အလေးထားလုပ်ဆောင်ရန်လည်း မဖြစ်မနေ လိုအပ်သည်။ ၎င်းတွင် တိကျသေချာ၍ အချိန်အတိုင်းအတာ သတ်မှတ်ချက်ပါရှိသော ကတိကဝတ်ပြုခြင်းများအတွက် ပဋိပက္ခတွင် ပါဝင်သော အစိုးရ နှင့် အစိုးရမဟုတ်သည့် အခြားအဖွဲ့များအကြား ချိတ်ဆက်ဆောင်ရွက်ရန် ပါဝင်သည်။*

~~~

နိဂုံးချုပ်အနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကာလတစ်လျောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ခံစားနေရခြင်းအတွက် အာရုံစူးစိုက် ဆက်လက်ဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်သည်။ သို့မှသာ ရေရှည်တွင် CRSV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်မှုများတွင်
~~~

စံနမူနာဖြစ်သော အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ငန်းဆိုင်ရာ အောင်မြင်မှုများမှာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအတွက် အထူးကိုယ်စားလှယ်ရုံးသည် ကိုဗစ် ၁၉၏ တား ဆီးကာကွယ်ရေးလုပ်ငန်း နှင့် တုံ့ပြန်မှုအစီအစဉ်များအပေါ် သက်ရောက်မှုဆိုင်ရာ သတင်းအချက်အလက် နှင့် အထောက်အထားများကို နှင့် ကုလသမဂ္ဂ နိုင်ငံအဆင့်ရုံးများနှင့် မိတ်ဖက် အရပ်ဘက်အဖွဲ့အစည်းများမှ ဆောင်ရွက်ထားရှိသော လျော့ပါးသက်သာစေရေးနှင့် တုံ့ပြန်မှုအစီအမံများကို နယ်ပယ်အသီးသီးအခြေအနေများမှ ဆက်လက်ကောက်ယူမည်။ ထို့ပြင် ဤမျှော်မှန်းမထားသည့် အခြေအနေတွင် မူဝါဒများနှင့် လုပ်ငန်းစဉ်များသို့ သတင်းအချက်အလက် ပေးနိုင်ရန်အတွက် ကွင်းဆင်းအခြေပြု လက်တွေ့လေ့လာ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရန်လည်း မဖြစ်မနေ လိုအပ်ပေမည်။


© SWPA Sudan